## ဒါရိုက်တာအဖွဲ့ဝင်များပြောင်းလဲခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီခွဲများ၊ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် အောက်ပါအတိုင်း ဒါရိုက်တာအဖွဲ့ဝင်များ ပြောင်းလဲခြင်းကို အစုရှယ်ယာရှင်များအား အသိပေး အပ်ပါသည်။

### ၁။ ဦးဝင်းသင် တာဝန်မှအနားယူခြင်း

အမှုဆောင်မဟုတ်သောဒါရိုက်တာ (Non-Executive Director) ဦးဝင်းသင် သည် တာဝန်မှအနားယူမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် FMI ကုမ္ပဏီ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ထပ်မံရွေးချယ်ခံ တော့မည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ ဦးဝင်းသင် သည် ၁၉၉၂ ခုနှစ်မှစ၍ ကုမ္ပဏီအောင်မြင်ရေးတွင် အဓိကပါဝင်ဆောင်ရွက်ခဲ့သူဖြစ်ပြီး FMI ကုမ္ပဏီ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ပထမဆုံးတာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိအချိန်တွင် စာရင်းစစ်ကော်မတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ရာ ဒါရိုက်တာအဖွဲ့က မှတ်တမ်းတင်၍ ကျေးဇူးတင်ရှိပါ ကြောင်း ဖော်ပြအပ်ပါသည်။

### ၂။ ဒါရိုက်တာဦးကြည်အေး အား စာရင်းစစ်ကော်မတီ ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးခြင်း

ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်အတည်ပြုချက်အရ ဦးကြည်အေး မှ စာရင်းစစ်ကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ယူမည် ဖြစ်ပါသည်။ ဦးကြည်အေး သည် ဘဏ္ဍာရေးနှင့်စာရင်းစစ်လုပ်ငန်းများတွင် အတွေ့အကြုံများစွာရှိသူဖြစ်ပြီး ၁၉၉၂ မှ ၁၉၉၈ ခုနှစ်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ဦးကြည်အေး သည် ရန်ကုန်တက္ကသိုလ်မှ ဂါဏိတ္တဘွဲ့နှင့် ဥပဒေဘွဲ့များ ရရှိထားသူဖြစ်ပြီး၊ ကိုလိုရာဒိုပြည်နယ်၊ Boulder ရှိ စီးပွားရေး တက္ကသိုလ်မှ ကမ္ဘာ့ဘဏ် လုပ်ငန်းနှင့် ဘဏ္ဍာရေးဘာသာရပ်ဖြင့် ဒီပလိုမာဘွဲ့ရရှိထားသူ ဖြစ်ပါသည်။ ထို့ပြင် လက်မှတ်ရပြည်သူ့စာရင်းကိုင် တစ်ဦးလည်း ဖြစ်ပါသည်။

### ၃။ ဒါရိုက်တာ ဦးမြတ်သင်းအောင် အား လုပ်အားခနှင့်ချီးမြှင့်ငွေသတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ခန့်အပ် တာဝန်ပေးခြင်း

ဦးကြည်အေး မှ စာရင်းစစ်ကော်မတီဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရခြင်းကြောင့် အမည်စာရင်းတင်သွင်းရေးကော်မတီနှင့် ဒါရိုက်တာအဖွဲ့တို့မှ စီစစ်သုံးသပ်၍ လုပ်အားခနှင့်ချီးမြှင့်ငွေသတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌတာဝန်ကို ဦးမြတ်သင်းအောင် အား တာဝန်ပေးထမ်းဆောင်စေရန် ဆုံးဖြတ်ခဲ့ပါသည်။ ဦးကြည်အေး အနေနှင့် လုပ်အားခနှင့်ချီးမြှင့်ငွေသတ်မှတ်ရေးကော်မတီ

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

အဖွဲ့ဝင်တစ်ဦးအဖြစ် ဆက်လက်ရှိနေမည် ဖြစ်ပါသည်။

### ၄။ ဦးညွန့်တင် အား အမှုဆောင်မဟုတ်သောဒါရိုက်တာ (Non-Executive Director) နှင့် စာရင်းစစ်ကော်မတီဝင်အဖြစ် ခန့်အပ်ခြင်း

အမည်စာရင်းတင်သွင်းရေးကော်မတီမှ ထောက်ခံချက်ဖြင့် ဒါရိုက်တာအဖွဲ့သည် ဦးညွန့်တင် အား အမှုဆောင်မဟုတ်သော ဒါရိုက်တာနှင့် စာရင်းစစ်ကော်မတီဝင်အဖြစ် ခန့်အပ်ရန် အတည်ပြုခဲ့ပါသည်။ ဦးညွန့်တင် သည် ယခင်အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးဖြစ်ပြီး ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ အမျိုးသားလွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ပါသည်။ သူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပြီး ယင်းကော်မရှင်၌ အကြီးစားရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းများစွာအား အကဲဖြတ်ရာတွင် တက်ကြွစွာဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ လွှတ်တော်တွင် တာဝန်မထမ်းဆောင်မီက ဦးညွန့်တင် သည် ထင်ရှားကျော်ကြားသော သံတမန်တစ်ဦးဖြစ်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၊ ပြင်သစ်နိုင်ငံနှင့် ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

### ၅။ ပါမောက္ခဒေါက်တာကျော်ရင်လှိုင် အား အမှုဆောင်မဟုတ်သောဒါရိုက်တာ (Non-Executive Director) နှင့် အမည်စာရင်းတင်သွင်းရေးကော်မတီဝင်အဖြစ် ခန့်အပ်ခြင်း

အမည်စာရင်းတင်သွင်းရေးကော်မတီမှ ထောက်ခံချက်ဖြင့် ဒါရိုက်တာအဖွဲ့သည် ပါမောက္ခဒေါက်တာကျော်ရင်လှိုင် အား အမှုဆောင်မဟုတ်သောဒါရိုက်တာနှင့် အမည်စာရင်းတင်သွင်းရေးကော်မတီဝင်အဖြစ် ခန့်အပ်ရန် အတည်ပြုခဲ့ပါသည်။ ပါမောက္ခဒေါက်တာကျော်ရင်လှိုင် သည် Diversity and National Harmony ဌာနမှ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်ပါသည်။ သူသည် Cornell University မှ မဟာဝိဇ္ဇာ နှင့် ပါရဂူဘွဲ့များ ရရှိထားသူဖြစ်သည်။ ထို့ပြင် သုတေသနစာတမ်းများစွာ ရေးသား ထုတ်ပြန်ခဲ့သော ပညာရှင်တစ်ဦးဖြစ်ပြီး City University of Hong Kong နှင့် Singapore National University တို့တွင် လည်း တွဲဖက်ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ သူသည် ယခင်အစိုးရလက်ထက်တွင် သမ္မတ ဦးသိန်းစိန် ၏ အကြံပေးပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ အမျိုးသားစီးပွားရေးနှင့် လူမှုရေးကောင်စီအဖွဲ့ဝင်နှင့် မြန်မာငြိမ်းချမ်းရေးစင်တာတွင် ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ပါမောက္ခဒေါက်တာကျော်ရင်လှိုင်သည် လက်ရှိအမည်စာရင်းတင်သွင်းရေးကော်မတီအဖွဲ့ဝင် အမှုဆောင်ဥက္ကဋ္ဌ ဦးသိမ်းဝေ (ခ) မစ္စတာဆာ့(ဂ်)ပန် နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်မည်ဖြစ်ရာ ယင်းကော်မတီအဖွဲ့ဝင်များအားလုံးသည် အမှုဆောင်မဟုတ်သော ဒါရိုက်တာများဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အထက်ပါအတိုင်း ပြောင်းလဲခန့်အပ်ပြီးနောက်တွင် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂)ရက်နေ့မှစ၍ FMI ကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့နှင့် ကော်မတီအဖွဲ့များသည် အောက်ပါအတိုင်း တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**<u>ဒါရိုက်တာအဖွဲ့</u>**

| | |
|---|---|
| ဦးသိမ်းဝေ (ခ) မစ္စတာဆာ့(ဂ်)ပန် | (အမှုဆောင်ဥက္ကဋ္ဌ) |
| ဦးမြတ်သင်းအောင် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ဦးသန်းအောင် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ပါမောက္ခဒေါက်တာရီရီမြင့် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm

| | |
|---|---|
| ဦးထွန်းထွန်း | (အမှုဆောင်ဒါရိုက်တာ) |
| ဦးလင်းမြိုင် | (အမှုဆောင်ဒါရိုက်တာ) |
| ပါမောက္ခဒေါက်တာအောင်ထွန်းသက် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ဦးကြည်အေး | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ဦးညွန့်တင် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |
| ပါမောက္ခဒေါက်တာကျော်ရင်လှိုင် | (အမှုဆောင်မဟုတ်သောဒါရိုက်တာ) |

**<u>စာရင်းစစ်ကော်မတီ</u>**

ဦးကြည်အေး (ဥက္ကဋ္ဌ)
ပါမောက္ခဒေါက်တာရီရီမြင့်
ဦးညွန့်တင်

**<u>လုပ်အားခနှင့်ချီးမြှင့်ငွေသတ်မှတ်ရေးကော်မတီ</u>**

ဦးမြတ်သင်းအောင် (ဥက္ကဋ္ဌ)
ပါမောက္ခဒေါက်တာရီရီမြင့်
ဦးကြည်အေး

**<u>အမည်စာရင်းတင်သွင်းရေးကော်မတီ</u>**

ပါမောက္ခဒေါက်တာအောင်ထွန်းသက် (ဥက္ကဋ္ဌ)
ဦးသန်းအောင်
ပါမောက္ခဒေါက်တာကျော်ရင်လှိုင်

ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၉၄)အရ အနားယူသွားသော ဦးဂင်းသင် ၏ နေရာတွင် ဦးညွန့်တင် အား အစားထိုးခန့်အပ်ရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားပါသည်။ ထိုဆုံးဖြတ်ချက်အား လာမည့်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များထံမှ အတည်ပြုဆုံးဖြတ်ချက် ရယူသွားမည် ဖြစ်ပါသည်။

ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၇၆) (၉၅) နှင့် (၉၆)တို့ အရ နောက်ထပ်ဒါရိုက်တာတစ်ဦးအဖြစ် ပါမောက္ခဒေါက်တာကျော်ရင်လှိုင်အား ခန့်အပ်ရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ထားပါသည်။ ထိုဆုံးဖြတ်ချက်အား လာမည့်နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များထံမှ အတည်ပြုဆုံးဖြတ်ချက် ရယူသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့အမိန့်အရ

ထွန်းထွန်း
အမှုဆောင်ဒါရိုက်တာ
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂) ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm